အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ ပါမောက္ခချုပ်များ ကော်မတီနှင့် အဆင့်မြင့်ပညာဦးစီးဌာနတို့က ဆောင်ရွက်ကြပြီး နိုင်ငံတကာရန်ပုံငွေသည် နိုင်ငံ၏ သုတေသနရန်ပုံငွေအတွက် အဓိက ရင်းမြစ်ဖြစ်ပါသည်။ သုတေသနအတွက် တာဝန်များအပ်နှင်းခြင်း နှင့် ပြည်တွင်းသုတေသီများကို တာဝန်ပေးသည့် သုတေသနများ များပြားလာခြင်းထက်ကျော်လွန်ပြီး အဆိုပါရန်ပုံငွေများသည် မြန်မာနိုင်ငံ၏ သုတေသနမြင်ကွင်း (research landscape) တွင် အရည် အသွေး၊ ကျင့်ဝတ်နှင့်သာတူညီမျှမှုကို အားကောင်းစေသည့် ငြင်းခုံဆွေးနွေးမှုများနှင့် လုပ်ငန်းစဉ်များကို ပံ့ပိုးပေးနိုင်ပါသည်။

# သုံးသပ်ချက်

၂၀၁၈ ခုနှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံသည် ငြိမ်းချမ်းသည့်၊ ဖွံ့ဖြိုးတိုးတက်သည့်၊ ဒီမိုကရေစီ မြန်မာနိုင်ငံ ဖြစ်ရေးအတွက် မဟာဗျူဟာ ၂၈ ချက်၊ လုပ်ငန်းအစီအစဉ် ၂၅၁ ချက် ကို အကောင်အထည်ဖော်မည့် ရည်ရွယ်ချက်ကြီးမားသည့် အစီအစဉ်တစ်ခုဖြစ်သည့်၊ ကမ္ဘာ့ ရေရှည်တည်တံ့ ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းနှင့် ကိုက်ညီသည့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (MSDP) ၂၀၁၈ - ၂၀၃၀ ကို ပြဋ္ဌာန်းခဲ့ ပါသည်။ အဆိုပါ အဆိုပြု လုပ်ငန်းအစီအစဉ်များ ကို အကောင်အထည်ဖော်ရန်နှင့် MSDP ၏ ရည်မှန်းချက်များရောက်ရှိအောင်မြင်စေရန် မြန်မာနိုင်ငံသည် စဉ်ဆက်မပြတ် ဖြစ်ပေါ်နေသည့် အသိပညာချို့တဲ့မှု (knowledge deficit) ကို ဖြေရှင်းရန်လိုအပ်ပါသည်။ မူဝါဒချမှတ်ရာတွင် အသုံးပြုနိုင်သည့် အထောက်အထားပြုစုမှုနှင့် ဖြန့်ချိမှုကို လုပ်ဆောင်နိုင်သည့် အမျိုးသား အဆင့်သုတေသနစနစ်တွင် ရင်းနှီးမြှုပ်နှံရန်နှင့် ပြန်လည်ပြင်ဆင်ရန် လိုအပ်ပါသည်။

သုတေသနအတွက် ထောက်ကူပေးသည့်ပတ်ဝန်းကျင်ကို အားပေးရန် မြန်မာနိုင်ငံသည် ၎င်း၏အဆင့်မြင့် ပညာ အဖွဲ့အစည်းများကို လုံလောက်သည့်ရင်းမြစ်များပံ့ပိုးကာ၊ ပိုမိုအဆင့်မြှင့်တင်ထားသည့်အရည်အသွေး ထိန်းချုပ်မှု၊ ပိုမိုကျယ်ပြန့်သောပူးပေါင်းညှိနှိုင်းမှုမိတ်ဖက် အဖွဲ့အစည်းများနှင့် ထိရောက်သည့် မူဝါဒချမှတ်မှုတို့ဖြင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းကို စတင်နိုင်ပါသည်။ အခြားသော နိုင်ငံတကာ ပညာရှင်များနှင့် ပုံမှန် ညှိနှိုင်းဆောင်ရွက်ကာ အဆင့်မြင့်ပညာရေးပြုပြင်ပြောင်းလဲမှု၏ ပိုမိုကျယ်ပြန့်သောမူဘောင်အတွင်း သုတေသနစနစ်တိုးတက်မှုကို တိုင်းတာသည့် နိုင်ငံတကာတွင် အသိအမှတ်ပြု ထားသည့် စံသတ်မှတ်ချက်များ ကို လက်ခံပြီး သုတေသနစွမ်းရည်ကို အားကောင်းစေရန်လုပ်ဆောင်ရန် လိုအပ်ပါသည် (Chinlone 2018)။ သုတေသီများနှင့် မူဝါဒချမှတ်သူများကြား ပိုမိုအားကောင်းသည့် မိတ်ဖက်ဆက်ဆံရေးနှင့် မူဝါဒချမှတ်လိုက်ခြင်းကြောင့်ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲများကို မူဝါဒမချမှတ်ခင်ကတည်းက ကြိုတင်သိရှိနားလည်သဘောပေါက်ပြီးမှ မူဝါဒချမှတ်ရာတွင် မြန်မာပညာရှင်များ၏ ကျွမ်းကျင်မှုဖြင့် လွှမ်းမိုးနိုင်စေရန် အလို့ငှာ သုတေ သနစီမံကိန်းများသည် မိမိတို့နှင့်သက်ဆိုင်သည်ဟူသည့်ဒေသတွင်းရပိုင်ဆိုင်မှု (local ownership) အားပေး ရန်လိုအပ်ပါသည်။ ဤအစီရင်ခံစာ၏ အဓိက အာဘော်ကို အောက်ပါအတိုင်း အကျဉ်းချုပ် ဖော်ပြထားပါသည်။

**အဆင့်မြင့်ပညာအဖွဲ့အစည်းများသည် သက်သေအပေါ် အခြေပြုသည့် မူဝါဒဆိုင်ရာ သုတေသနများ နှင့် စပ်လျဉ်းသည့် မြင့်တက်လာသည့်တောင်းဆိုမှုကို ဖြည့်ဆည်းပေးနိုင်ပါသည်။** သက်သေအပေါ် အခြေပြုသည့် သုတေသနနှင့်စပ်လျဉ်းသည့် တောင်းဆိုမှုမြင့်တက်လာပြီး ကျဉ်းမြောင်းစွာ အဓိပ္ပါယ်ဖွင့်ဆိုထားသည့် သိပ္ပံနည်းကျ သုတေသန မှသည် မူဝါဒချမှတ်မှု၏ အခြေခံ လုပ်ငန်းစဉ်များ၊ ရလဒ်များနှင့် သက်ရောက်မှုများကို ဆန်းစစ်သည့် ပိုမိုကျယ်ပြန့်သည့် လူမှုရေး သိပ္ပံသုတေသနအဖြစ် ပြောင်းလဲ လာပါသည်။ အဆိုပါ တောင်းဆိုမှုများသည် ဗဟိုအစိုးရစီမံကိန်းရေးဆွဲသူများထံမှ ထွက်ပေါ်လာခြင်းမဟုတ်ဘဲ မူဝါဒနှင့်သက်ဆိုင်သူများဖြစ်ကြသည့် ဒေသဆိုင်ရာအစိုးရများ၊ လွှတ်တော် အမတ်များ၊ နိုင်ငံရေးပါတီများ၊ ပုဂ္ဂလိကကဏ္ဍ အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ ထံမှ ထွက်ပေါ်လာခြင်းဖြစ်ပါသည်။ HEI ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်၏ ဦးစားပေးရည်မှန်းချက်အဖြစ် အစိုးရအနေဖြင့် အဆင့်မြင့်ပညာအဖွဲ့အစည်းများ၏ သုတေသနစွမ်းရည် မြှင့်တင်ရန်နှင့် အခြေခံ အဆောက်အဦနှင့် ရန်ပုံငွေများ တိုးတက်များပြားစေရန် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် လိုအပ်ပါသည်။

**မူဝါဒချမှတ်သူများထံသို့ သက်ဆိုင်သည့်နည်းပညာဆိုင်ရာအကူအညီများ အချိန်နှင့်တစ်ပြေးညီ ပေးနိုင် စေရန် ဒေသခံသုတေသီများကို စွမ်းရည်မြှင့်ပေးနိုင်ပါသည်။** မူဝါဒများကိုရွေးချယ်မှုသည် အခြေ အနေနှင့် သက်ဆိုင်ပါသည်။ ပြင်ပမှပညာရှင်များ ပြုစုသည့် မူဝါဒအမျိုးမျိုးအနက် အဆီလျော်ဆုံး ဆောင်ရွက်ချက်ကို ရွေးချယ်ရာတွင် ပြည်တွင်းသုတေသီများမှာ အသင့်လျော်ဆုံးဖြစ်ပါသည်။ ဖြစ်နိုင်လျှင် မြန်မာအစိုးရကိုယ်စား နိုင်ငံတကာအဖွဲ့အစည်းများ (သို့) နိုင်ငံတကာ ပညာရှင်များက ဆောင်ရွက်သည့် သုတေသနများတွင် ပါဝင်အားဖြည့်ရန် ဒေသခံသုတေသီများကို ထောက်ခံ ပေးနိုင်ပါသည်။ ဒေသခံသုတေသနများတွင် အပြန်အလှန်ပြောဆိုဆက်ဆံခြင်းသည် ပူးတွဲ မူဝါဒဆိုင်ရာ လေ့လာမှုကို လှုံ့ဆော်ပေးရုံသာမက အနာဂတ်တွင် အများပြည်သူနှင့် စပ်လျဉ်းသည့် မူဝါဒများ ထိထိရောက်ရောက်ချမှတ်နိုင်စေရန် ဒေသခံများ၏ စွမ်းဆောင်ရည်ကို တည်ဆောက်ပေးရာ ရောက်ပါသည်။

**သုတေသနအတွက်ဘတ်ဂျက်ကို တိုးမြှင့်ရန်နှင့် အလျှော့အတင်းပြုလုပ်နိုင်မှု (flexibility) ကို ပိုမိုလုပ်ဆောင်ရန် အရေးကြီးပါသည်။** ပညာရေးဝန်ကြီးဌာန၏ ဘတ်ဂျက်သည် ၂၀၁၂/၁၃ ခုနှစ် နှင့် ၂၀၁၉/၂၀ ခုနှစ် ကာလများကြားတွင် သုံးဆနီးပါးမြင့်တက်ခဲ့ပြီး အဆင့်မြင့်ပညာဦးစီးဌာနက ၁၅ - ၁၆ % ရရှိခဲ့ပါသည်။ သုတေသန ပြုလုပ်

ရန်အတွက် ခွဲဝေချထားပေးမှုများရှိသော်လည်း စီမံကိန်းများသည် နှစ်စဉ်ဘတ်ဂျက်စဉ်းမျဉ်းများကို လိုက်နာရန် လိုအပ်ပြီး စာရင်းစစ်ရန်ရည်ရွယ်ချက်များ အတွက် သက်သေအထောက်အထားများ ပြသရန် လိုအပ်ပါသည်။ ထိုသို့ဖြစ်ခြင်းက နှစ်အတော်ကြာ အချိန်ယူကာ ဆောင်ရွက်ရမည့် သုတေသန စီမံကိန်းများ ဖော်ဆောင်ရန် အခက်အခဲဖြစ်စေပါသည်။ ထို့အပြင် သုတေသနပြုခြင်းတွင် အထူးသဖြင့် ရှုပ်ထွေးသည့်မူဝါဒဆိုင်ရာလုပ်ငန်းစဉ်များ အတွက် လုပ်ဆောင်သည့်အခါတွင် စမ်းသပ်မှုများ (trial) နှင့် အမှားများ ပါရှိနိုင်ပါသည်။ သုတေသနအတွက် လုပ်ရှိဘတ်ဂျက်ခွဲဝေပေးမှုကို တိုးမြှင့်ပေးသင့်ပြီး သုတေသနရန်ပုံငွေလွှဲပြောင်းမှုကို ကန့်သတ်ထား စည်းမျဉ်းများမှ ကင်းလွတ်ခွင့်ပြုသင့်ပါသည်။

**သုတေသနပြုခြင်းအတွက် စီမံခန့်ခွဲမှု (governance) ကို ထူထောင်ကာ အတည်တကျဖွဲ့စည်းရန် လိုအပ်ပါသည်။** မြန်မာနိုင်ငံတွင် သုတေသနပြုလုပ်နိုင်ရန် ထောက်ကူပေးသည့် ပတ်ဝန်းကျင်ကို ဖြစ်ပေါ်စေသည့် စီမံအုပ်ချုပ်မှုစနစ်ကို ထူထောင်ရန်မှာအရေးပေါ်လိုအပ်ချက်ဖြစ်ပါသည်။ နိုင်ငံသားများနှင့် အစိုးရကြားတွင် အရေးပါသည့်ချိတ်ဆက်မှုများအဖြစ် သုတေသီများကို တန်ဖိုးထားမည့် အသိပညာအခြေပြုလူမှုအဖွဲ့အစည်းတည်ဆောက်ရာတွင်သုတေသန၏ အရေးကြီးပုံကို အစိုးရက အသိ အမှတ်ပြုရပါမည်။ အဆိုပါအဖွဲ့အစည်းက သုတေသနဆောင်ရွက်ချက်များနှင့် အဖွဲ့အစည်းများကို ကြီးကြပ်ရန်  ဆီလျော်သည့်မူဝါဒများ၊ ကာလရှည် ထောက်ပံ့လှူဒါန်းမှု/ပံ့ပိုးမှုနှင့် လက်တွေ့ကျသော အဖွဲ့အစည်းများ တည်ထောင်သင့် ပါသည်။

**မြန်မာနိုင်ငံတွင် သုတေသနအတွက် နိုင်ငံတကာရန်ပုံငွေကို ထိထိရောက်ရောက်ညှိနှိုင်းဆောင်ရွက် ပေးရန် လိုအပ်ပါသည်။**

နည်းပညာဆိုင်ရာအကူအညီ (technical assistance)သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်ပေးသည့် နိုင်ငံတကာအကူအညီ၏ အရေးပါသည့် အစိတ်အပိုင်းဖြစ်ပါသည်။ အလှူရှင်ကပေးသည့်အထောက်အပံ့အနက်တော်တော်များများကို အစိုးရအတွက် မူဝါဒဆိုင်ရာ အကြံပြုချက်များနှင့် သဘောထားများ (policy input) ကို  သုတေသနပြု လုပ်ပေးမည့်၊ ဆန်းစစ်ကာ အကြံပြုပေးမည့် နိုင်ငံတကာပညာရှင်များကို ပေးလိုက်ရပါသည်။ ထို့ကြောင့် ဒေသန္တရအသိပညာနှင့် သုတေသနကို နိုင်ငံတကာအဖွဲ့အစည်းများက မကြာခဏ လျစ်လျူရှုလေ့ရှိပါသည်။ နောက်ဆက်တွဲအဖြစ် ဥပမာများစွာကိုကြည့်ရှုပါက သုတေသနသည် နေရာဒေသ အခြေအနေနှင့် ဆီလျော်မှုမရှိဘဲ မသင့်လျော်သည့် လက်တွေ့အကောင်အထည်ဖော်ရမည့် ထောက်ခံအကြံပြုချက်များ ပေးပါသည်။ ပြည်တွင်းသုတေသီများနှင့် နိုင်ငံတကာပညာရှင်များကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုကို အားပေး သင့်ပါသည်။ အစိုးရအနေဖြင့် ပြည်တွင်းသုတေသနစနစ်များတွင် ရင်းနှီးမြှုပ်နှံရန်၊ ပြည်တွင်း အဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသူများ/အဖွဲ့အစည်းများကို အလှူရှင်များ၏ စီမံကိန်းများတွင်  ပါဝင်လာစေရန် အလှူရှင်များအား အစိုးရက မေတ္တာရပ်ခံသင့်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းသည် သုတေသနအတွက်ပံ့ပိုးထောက်ကူပေးသည့်ဝန်ဆောင်မှုများနှင့် သုတေသနဆိုင်ရာ ကျင့်ဝတ်သုံးသပ် ရေးဘုတ်အဖွဲ့များ၏ လက်တွေ့ဆောင်ရွက်မှုစွမ်းရည်ကို အားကောင်းစေခြင်း၊ အိမ်နီးချင်း နိုင်ငံများနှင့် နိုင်ငံတကာတွင် သုတေသနနှင့်စပ်လျဉ်းပြီး အဖွဲ့အစည်းအဆင့် စီမံခန့်ခွဲပုံကို တိုးမြှင့် ဖော်ထုတ် ပေးခြင်း၊ သုတေသနနှင့် သင်ကြားရေးနှင့် အသက်မွေးဝမ်းကျောင်းမှုတိုးတက်စေရေး အပါအဝင် အခြားသော ပညာသင်ကြားမှုဘဝ (academic life) တို့ကြားရှိ ချိတ်ဆက်မှုများကို အားကောင်း စေခြင်း တို့ကို ရည်ရွယ်ကာ တက္ကသိုလ်များဆီသို့၊ တက္ကသိုလ်များမှတစ်ဆင့် ရန်ပုံငွေစီးဆင်းမှုကိုဖြစ်စေပါမည်။ ထိုသို့ဆောင်ရွက်ရန် မြန်မာနိုင်ငံတွင် သုတေသနစနစ် ခိုင်မာစေရန် လုပ်ဆောင်ပုံနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲများတွင် ပါဝင်နေသည့် အမျိုးသား အဆင့်အဖွဲ့အစည်းများနှင့် ၊ သုတေသနကို အသုံးပြု ရန်အတွက် ငွေကြေးစီမံခန့်ခွဲမှုစည်းမျဉ်းများချမှတ်သည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင် ရွက်ရန် လိုအပ်ပါသည်။ သုတေသနနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များအတွက် လက်ရှိရန်ပုံငွေ ချထားပေးမှုသည် မြန်မာနိုင်ငံနှင့် ယင်း၏ ဖွံ့ဖြိုးရေးမိတ်ဖက်များ လက်ဝယ်တွင် ရှိပါသည်။

**သုတေသနစနစ်တွင် အရည်အသွေး၊ ကျင့်ဝတ်နှင့် သာတူညီမျှမှုကို မြှင့်တင်ရန် နိုင်ငံတကာ အကူအညီ ကို အားကောင်းစေရပါမည်။** အရေးပါသည့် အစီအစဉ်များစွာကို ဝန်ကြီးဌာန အဆင့် တွင် အဓိက အဖွဲ့အစည်းများဖြစ်ကြသည့် အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ ပါမောက္ခချုပ်များ ကော်မတီနှင့် အဆင့်မြင့်ပညာဦးစီးဌာနတို့က ဆောင်ရွက်ကြပြီး  နိုင်ငံတကာရန်ပုံငွေသည် နိုင်ငံ၏ သုတေသန ရန်ပုံငွေအတွက် အဓိက ရင်းမြစ်ဖြစ်ပါသည်။ သုတေသနအတွက် တာဝန်များအပ်နှင်းခြင်း နှင့် ပြည်တွင်းသုတေသီများကို တာဝန်ပေးသည့် သုတေသနများ များပြားလာခြင်းထက်ကျော်လွန်ပြီး အဆိုပါရန်ပုံငွေများသည် မြန်မာနိုင်ငံ၏ သုတေသနမြင်ကွင်း (research landscape) တွင် အရည် အသွေး၊ ကျင့်ဝတ်နှင့်သာတူညီမျှမှုကို အားကောင်းစေသည့် ပြင်းခုံဆွေးနွေးမှုများနှင့် လုပ်ငန်းစဉ်များကို ပံ့ပိုးပေးနိုင်ပါသည်။

Centre for Economic and Social Development | No. (27), Pyay Road, 6½ Mile, Hlaing Township, Yangon, | Myanmar
T: (+95-1) 654770. | F: (+95-1) 654771 | www.myanmarcesd.org

Global Development Network

Global Office | 2nd Floor, West Wing ISID Complex, 4, Vasant Kunj Institutional Area, New Delhi-110070 | INDIA
T+91 11 4323 9478/4323 9494 | F +91 11 2613 6893 | www.gdn.int